# ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာန

# (ယဉ်ကျေးမှုဗိမာန်ဖွဲ့စည်းပုံနှင့်စီမံအုပ်ချုပ်ရေး နည်းဥပဒေများ)

**အမှတ် ၂၄**

**ရန်ကုန်မြို့ ၁၃၁၄ ခု၊ နတ်တော်လဆန်း ၃ ရက်။**

**(၁၉၅၂ ခု၊ နိုဝင်ဘာလ ၁၉ ရက်။)**

အမှတ် ၂၄။ ။ ယဉ်ကျေးမှုကိစ္စ အရပ်ရပ်တို့ကို၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်းတွင်၊ တိုးတက်ဖွံ့ဖြိုးစေခြင်းငှါ၊ ယဉ်ကျေးမှု ဗိမာန်တည်ထောင်ရန် လိုအပ်သည်ဖြစ်၍၊ အောက်ပါ နည်းဥပဒေ များကို၊ ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပြဋ္ဌာန်းလိုက်သည်။

## ယဉ်ကျေးမှုဗိမာန်ဖွဲ့စည်းပုံနှင့်စီမံအုပ်ချုပ်ရေး

၁။ ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာန လက်အောက်တွင် "ယဉ်ကျေးမှုဗိမာန်" ခေါ် ဗိမာန်တခုကို ဖွဲ့စည်း တည်ထောင်ထားရမည်။

၂။ ။ ယဉ်ကျေးမှုဗိမာန် တည်ထောင်ခြင်း၏ ရည်ရွယ်ချက်မှာ၊ ယဉ်ကျေးမှုကိစ္စ အရပ်ရပ်တို့ကို ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်းတွင် တိုးတက်ဖွံ့ဖြိုးစေခြင်းငှါ ဖြစ်သည်။ ဤရည်ရွယ်ချက်ဖြင့် ယဉ်ကျေးမှု ဗိမာန်၏ လုပ်ငန်းရပ်များတွင် အောက်ပါတို့ ပါဝင်လိမ့်မည်။

(က) နိုင်ငံတော် စာကြည့်တိုက် တည်ထောင်ရေးနှင့် စာကြည့်တိုက် ဝန်ထမ်းလုပ်ငန်း။

(ခ) နိုင်ငံတော် ပြတိုက်တည်ထောင်ရေးနှင့် ပြတိုက်ဝန်ထမ်းလုပ်ငန်း။

(ဂ) နိုင်ငံတော် အနုပညာခန်းဆောင်နှင့် အနုပညာသင်ကျောင်းတည်ထောင်ရေး။

(ဃ) နိုင်ငံတော်ပန်တျာပညာ၊ ပြဇာတ်ပညာနှင့် အကပညာသင်ကျောင်းတည်ထောင်ရေး။

(င) ယဉ်ကျေးမှုနှင့် စပ်လျဉ်းသည့် ဘာသာရပ်များကို ဟောပြောခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း၊ စာပေ များထုတ်ဝေခြင်း၊ အခါအားလျော်စွာ အနုပညာပြပွဲများကျင်းပခြင်းနှင့် အတီးအမှုတ် အဆိုအကပြဇာတ် များခင်းကျင်းပြသခြင်း။

(စ) ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း ယဉ်ကျေးမှုတိုးတက်ဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍ အခြားလုပ်ငန်း ဆောင်တာများကိုဆောင်ရွက်ခြင်း။

၃။ ။ ယဉ်ကျေးမှုဗိမာန် စီမံအုပ်ချုပ်ရေးကို၊ ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးကြပ်သည့် ဂေါပကအဖွဲ့တခုသို့ လွှဲအပ်ထားရမည်။ ထိုဂေါပကအဖွဲ့သည်၊ ပြည်ထောင်စုယဉ်ကျေးမှု ဝန်ကြီးဌာန၏ ကိုယ်စား ယဉ်ကျေးမှုဗိမာန်၏ ပစ္စည်းများနှင့် ရံပုံငွေများကို ထိန်းသိမ်းအုပ်ချုပ်၍၊ ယဉ်ကျေးမှုဗိမာန်၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာနှင့် ရံပုံငွေများကို သုံးစွဲရာ၌၊ အဆိုပါဝန်ကြီးဌာနအား တာဝန်ခံရမည်။

၄။ ။ ဂေါပကအဖွဲ့တွင် ပါဝင်ရမည့်သူများမှာ-

(က) ပြည်ထောင်စုယဉ်ကျေးမှု ဝန်ကြီးဌာနအတွင်းဝန်နှင့် နိုင်ငံတော်သမတက၊ ခန့်အပ်သည့် အခြားလူ ကြီးနှစ်ဦး။

(ခ) သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ခန့်အပ်သည့် ရှမ်း၊ ကချင်၊ ကရင်၊ ကယားပြည်နယ်များနှင့် ချင်း ဝိသေသတိုင်းမှ ကိုယ်စားလှယ် တဦးစီ။

(ဂ) ပြည်သူ့လွှတ်တော်မှ ခန့်အပ်သည့် ပြည်သူ့လွှတ်တော် အမတ်နှစ်ဦး။

(ဃ) ရန်ကုန်မြို့တော် မြူနီစီပါယ်ကော်ပိုရေးရှင်းမှ ခန့်အပ်သည့် ကိုယ်စားလှယ်တဦး။

(င) ရန်ကုန်တက္ကသိုလ်မှ ခန့်အပ်သည့် ကိုယ်စားလှယ်လေးဦး။

(စ) မြန်မာနိုင်ငံတော် သုတေသနအသင်း၊ လောကဓါတ်ပညာအသင်း၊ ကမ္ဘာ့ရေးရာကောင်စီနှင့် အနု ပညာကောင်စီတို့မှ ခန့်အပ်သည့် ကိုယ်စားလှယ် တဦးစီ။

(ဆ) အခါအားလျော်စွာ ပြည်ထောင်စုယဉ်ကျေးမှု ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ခန့်အပ်သည့် အခြားအသင်းအဖွဲ့နှင့် အစည်းအရုံးများ၏ ကိုယ်စားလှယ်များ။

(ဇ) ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဂေါပကအဖွဲ့က အခြားဖြည့်စွက် ခန့်ထားစေလိုသူများ။

၅။ ။ ဂေါပကအဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည်၊ သုံးနှစ်ဖြစ်ရမည်။ သို့ရာတွင် ထိုကာလအတွင်း ဂေါပကအဖွဲ့ဝင်များသည်၊ သက်ဆိုင်ရာအသင်းအဖွဲ့မှ အဖွဲ့ဝင်အဖြစ်ရပ်စဲခဲ့လျှင်၊ သို့တည်းမဟုတ် သက်ဆိုင်ရာ အာဏာပိုင်နှင့် အသင်းအဖွဲ့များက၊ ၎င်းတို့အစား အခြားပုဂ္ဂိုလ်များကို ခန့်အပ်ခဲ့လျှင် ဂေါပကအဖွဲ့ဝင်အဖြစ်မှ ရပ်စဲရမည်။

၆။ ။ ဂေါပကအဖွဲ့ဝင်များသည်၊ နှစ်စဉ်၎င်းတို့အထဲမှ ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌများကို ရွေးချယ်ခန့်အပ် ရမည်။ ဂေါပကအဖွဲ့ဝင် တဦးတယောက်သည်၊ ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌ နေရာအသီးသီးများတွင် တဆက်တည်း သုံးနှစ်ထက်ပို၍ အမှုထမ်းဆောင်ခြင်း မပြုရ။

၇။ ။ ဂေါပကအဖွဲ့သည်၊ ယဉ်ကျေးမှုဗိမာန် ဝန်ထမ်းအရာရှိ တဦးအား၊ ၎င်း၏အတွင်းရေးမှူး အဖြစ်ဖြင့် ခန့်ထားရမည်။

၈။ ။ ဂေါပက အဖွဲ့သည်၊ အနည်းဆုံး သုံးလတကြိမ် အစည်းအဝေး ပြုလုပ်ရမည်။ ဂေါပကအဖွဲ့ဝင် ခုနစ် ဦးတက်ရောက်လျှင် အစည်းအဝေး အထမြောက် ရမည်။

၉။ ယဉ်ကျေးမှု ဗိမာန်၏ ဘဏ္ဍာရေးနှစ်သည်၊ အစိုးရ၏ဘဏ္ဍာရေးနှစ်နှင့် တူညီရမည်။ နှစ်စဉ် မတ်လ ထက်နောက်မကျစေဘဲ လာမည့် ဘဏ္ဍာရေးနှစ်အတွက် ရ-သုံးခန့်မှန်းခြေငွေစာရင်းကို ဂေါပကအဖွဲ့က ပြုလုပ်၍၊ ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာနသို့ တင်ပြရမည်။ ကုန်ဆုံးခဲ့သည့် ဘဏ္ဍာရေးနှစ် အတွက်၊ ယဉ်ကျေးမှုဗိမာန်၌ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်တာများနှင့်တကွ စစ်ဆေးပြီးဖြစ်သော ငွေစာရင်းများကို၊ ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာနသို့ နှစ်စဉ် ဒီဇဘ်ာလ ကုန်ထက်နောက်မကျ စေဘဲ အစီရင်ခံစာ တင်သွင်းရမည်။

၁၀။ ။ ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာနမှ သဘောတူအတည်ပြုသည့် ဂေါပကအဖွဲ့က ရေးဆွဲထား သော စည်းမျဉ်းများအရ၊ ဂေါပကအဖွဲ့သည်၊ ယဉ်ကျေးမှုဗိမာန်၏ လုပ်ငန်းဆောင်တာများကို ဆောင် ရွက်ရမည်။

၁၁။ ။ ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာနသည်၊ ဂေါပကအဖွဲ့နှင့် တိုင်ပင်၍၊ ယဉ်ကျေးမှုဗိမာန် ဝန်ထမ်း အထက်တန်းအရာရှိများကို ခန့်အပ်ရမည်။ ၎င်းတို့သည်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ အမှုထမ်းများ ဖြစ်စေရမည်။ ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာန၏ သဘောတူညီချက်ကို ရယူ၍၊ ဂေါပကအဖွဲ့သည် ယဉ်ကျေးမှုဗိမာန်၏ အခြားဝန်ထမ်းများကို ခန့်အပ်ရမည်။

၁၂။ ။ ရန်ကုန်မြို့ ပြင်ပအရပ်ဒေသများတွင် နေထိုင်ကြသော ဂေါပကအဖွဲ့ဝင်များသည်၊ ဂေါပကအဖွဲ့မှ ထောက်ခံလျှင် ခရီးစရိတ်နှင့် နေ့တွက်များကို ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာနက ဘဏ္ဍာရေးနှင့် အခွန်တော် ဝန်ကြီးဌာနနှင့် တိုင်ပင်၍ ဆုံးဖြတ်ပြဋ္ဌာန်းသည့် အစိုးရနှုန်းများအတိုင်း ရယူနိုင်သည်။

အမိန့်အရ၊

ဖိုးလတ်၊

အတွင်းဝန်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၊

ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာန။